# အရေးပေါ်အခြေအနေတွင်
# မိခင်နို့ တိုက်ကျွေးရန် မဖြစ်နိုင်သော ကလေးများအား
# အာဟာရ စီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ
# အသိပေးသတင်းစကားများ

မြန်မာနိုင်ငံတွင်ရှိသော အဓိကကျန်းမာရေးနှင့်အာဟာရ ပြဿနာများသည် ကိုဗစ်၁၉ကပ်ရောဂါနှင့် လက်ရှိဖြစ်နေသော အရေးအခင်းများကြောင့် အထူးသဖြင့် ကလေးငယ်များတွင် ပိုမိုဆိုးရွားလာပါသည်။

မွေးစမှ ကလေးအသက်၆လအထိ မိခင်နို့တစ်မျိုးထဲတိုက်ကျွေးနိုင်ရန်နှင့် သင့်လျော်သောဖြည့်စွက်စာ ကျွေးမွေးနိုင်ရန်အတွက် အထောက်အကူပေးသောအခြေအနေများအားဖန်တီး၍ ရေရှည်တည်တန့်အောင်ဆောင်ရွက်ခြင်းသည် အရေးအကြီးဆုံးသော အာဟာရတုန့်ပြန်ဆောင်ရွက်မှုဖြစ်သည်။ အကယ်၍ကလေးအား မိခင်နို့တိုက်ကျွေးရန် လုံးဝမဖြစ်နိုင်ပါက ထိုကလေးများအတွက် နို့မှုန့်တိုက်ကျွေးခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ လျော့ကျစေနိုင်မည့် ပြီးပြည့်စုံသောလုပ်ငန်းစုများ ဆောင်ရွက်ရန်လိုအပ်ပါသည်။

ထို့ကြောင့် ၂၀၂၂ခုနှစ် ဧပြီလ၂၆ရက်နေ့တွင် ပြုလုပ်သော မြန်မာအာဟာရအစုအဖွဲ့ အစည်းအဝေးတွင် မိခင်နို့တိုက်ကျွေးရန် လုံးဝမဖြစ်နိုင်သောကလေးများအတွက် အာဟာရစီမံခန့်ခွဲမှုအစီအစဉ်အား ဆောင်ရွက်ရန် ဆုံးဖြတ်အတည်ပြုပါသည်။ အာဟာရအစုအဖွဲ့၏ ဦးဆောင်အဖွဲ့အစည်း နှင့် အထောက်အပံ့အတွက် နောက်ဆုံးအားကိုးရာဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)သည် နို့မှုန့် နှင့် ဆက်စပ်ပစ္စည်းကိရိယာများ ဝယ်ယူခြင်း၊ သင်တန်းများပေးခြင်း၊ အစီအစဉ်အား စီမံခန့်ခွဲခြင်းများအား လက်တွဲဖော် အဖွဲ့အစည်းများ၊ မြန်မာအာဟာရအစုအဖွဲ့၏ အဖွဲ့ဝင်များနှင့်အတူ ဆောင်ရွက်ပါသည်။

၂၀၂၅ ခုနှစ် မေလ ၂၈ ရက်နေ့တွင် လှုပ်ခပ်သော ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အသက်အန္တရာယ်ရှိသော၊ အကူအညီလိုအပ်သော ကလေးများအား ကယ်တင်နိုင်ရန်အတွက် မြန်မာအာဟာရအစုအဖွဲ့၏ အဖွဲ့ဝင်များနှင့်အတူ ထိုအစီအစဉ်အား ဆက်လက်ဆောင်ရွက်ပါမည်။

အရေးပေါ်ကာလတွင် မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးအတွက် အလုံခြုံဆုံး၊စိတ်အချရဆုံး အစာအစာကျွေးခြင်းဖြစ်သည်။ သို့သော် အရေးပေါ်၏ဒဏ်ကြောင့် ကလေးအနည်းငယ်တွင် အောက်ပါအခြေအနေများအရ မိခင်နို့ တိုက်ရန် မဖြစ်နိုင်ပါ၊

- မိခင်သေဆုံးသွားခြင်း၊
- မိခင်သည် အကြီးအကျယ် နာမကျန်း ဖြစ်နေခြင်း (ဥပမာ၊ သတိလစ်, တစ်ကိုယ်လုံးပိုးပြန့်ခြင်း)၊
- မိခင်နှင့်ကလေးကွဲကွာနေခြင်း၊
- မိခင်က ကလေးအားပစ်ပယ်ထားခြင်း၊
- နို့တိုက်လိုခြင်းမရှိသော အဓမ္မ ကျင့်ခံရသူ၊
- မိခင်နို့အုံတွင် Herpes Simplex Virus Type 1 (HSV-1) အနာရှိခြင်း

- မိခင်သည် ကင်ဆာဆေးများသောက်နေခြင်း၊
- မိခင်နို့ ပြန်လည်ထွက်အောင်ပြုလုပ်မှု နှင့် နို့ထိမ်းမိခင်များရှာဖွေမှုများ မအောင်မြင်ခြင်း နှင့် လှူဒါန်းသော မိခင်နို့ရည်များ မရရှိခြင်း၊

အထက်ပါအခြေအနေများတွင် မိခင်နို့တိုက်ကျွေးရန် လုံးဝမဖြစ်နိုင်သောကလေးများအတွက် အာဟာရစီမံခန့်ခွဲမှု အစီအစဉ်အား အကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါသည်။ ထိုကလေးများ၏ အစားအစာအတွက် အကောင်းဆုံးသော ဆောင်ရွက်မှုများမှာ မိခင်နို့ပြန်လည်ထွက်အောင်ပြုလုပ်ခြင်း၊ နို့ထိမ်းမိခင်များက သူ၏နို့ကိုတိုက်ကျွေးခြင်း နှင့် နို့ရည်ဘဏ်မှရသော မိခင်နို့ရည်တိုက်ကျွေးခြင်းများ ဖြစ်သည်။ အကယ်၍ ထိုအရာများ မရရှိပါက ထိုကလေး၏အသက်ကို ကယ်တင်နိုင်ရန်အတွက် နောက်ဆုံးရွေးချယ်မှုအနေနှင့် မရှိမဖြစ်လိုအပ်သော ပစ္စည်းကိရိယာများ၊ လုပ်ဆောင်မှုများ နှင့်အတူ နို့မှုန့် တိုက်ရပါမည်။

လုပ်ငန်းအကောင်အထည်ဖော်နေစဉ် အောက်ပါအချက်များအား ဆောင်ရွက်ပါသည်။

- အရေးပေါ်ကာလအတွင်း အသက် ၂ နှစ်အောက် ကလေးများအား အစားအစာကျွေးမွေးမှု (သို့မဟုတ်) မိခင်နို့တိုက်ကျွေးရန် လုံးဝမဖြစ်နိုင်သောကလေးများအတွက် အာဟာရစီမံခန့်ခွဲမှု သင်တန်းရရှိပြီးသော ကျန်းမာရေး/အာဟာရဝန်ထမ်းများမှ နို့မှုန့်တိုက်ရန်အရည်အသွေးပြည့်စုံသော ကလေးများအား အကဲဖြတ်၊ ဆုံးဖြတ်ရွေးချယ်သည်။
- ရွေးချယ်ပြီးပါက ထိုကျန်းမာရေး/အာဟာရဝန်ထမ်းများမှ မိခင် (သို့မဟုတ်) ကလေးပြုစုစောင့်ရှောက်သူ အား လုံခြုံစိတ်ချမှန်ကန်စွာ နို့မှုန့်ဖျော်စပ်နည်းအား သရုပ်ပြခြင်းနှင့်အတူ သင်တန်းပေးပါသည်။
- မိခင် (သို့မဟုတ်) ကလေးပြုစုစောင့်ရှောက်သူသည် လုံခြုံစိတ်ချမှန်ကန်စွာ နို့မှုန့်ဖျော်စပ်နိုင်ပါက နို့မှုန့်နှင့်အတူ ဆက်စပ်ပစ္စည်း၁၅မျိုးအား ပေးအပ်ပါသည်။ ညစ်ပတ်လွယ်သောကြောင့် နို့ဘူးနှင့် နို့သီးခေါင်းအား ဘယ်အချိန်မှာမှ အသုံးမပြုရပါ။
- နို့မှုန့်တိုက်ကျွေးခြင်းနှင့်ပတ်သက်၍ ပြဿနာ၊အခက်အခဲများမရှိသည်အထိ တစ်ပတ်တစ်ခါ (သို့မဟုတ်) တစ်လတစ်ခါ ပြန်လာပြရန် ကျန်းမာရေး/အာဟာရဝန်ထမ်းများမှ မိခင် (သို့မဟုတ်) ကလေးပြုစုစောင့်ရှောက်သူများအား ပြောကြားပါသည်။ အခြေအနေများကိုသိရှိရန်၊ အမှားများရှိပါကပြင်ဆင်ပေးရန်၊ နို့မှုန့်များအား အလွဲသုံးမှုများ မဖြစ်စေရန်အတွက် ကျန်းမာရေး/အာဟာရဝန်ထမ်းများမှ နှစ်ပတ်တစ်ခါ (သို့မဟုတ်) တစ်လတစ်ခါ အိမ်တိုင်ရာရောက်ကွင်းဆင်းပါသည်။

အရေးပေါ်ကာလအတွင်း အသက် ၂ နှစ်အောက် ကလေးများအား အစားအစာကျွေးမွေးမှု စံလုပ်ငန်းလမ်းညွှန် နှင့် လူသားခြင်းစာနာမှု အဖွဲ့အစည်းများ၏ မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်များအရ ကလေးနို့မှုန့်များနှင့် အခြား မိခင်နို့အစားထိုးပစ္စည်းများကို လှူဒါန်းခြင်း (သို့မဟုတ်) အထွေထွေဖြန့်ဖြူးမှုများတွင်ထည့်သွင်းခြင်း မပြုလုပ်ရပါ။ နို့မှုန့်များအား လိုအပ်ပါက သတ်မှတ်ထားသော လူသားခြင်းစာနာမှု အဖွဲ့အစည်းက ဝယ်ယူရပါမည်။